ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# (၆၉)နှစ်မြောက် ဆရာတော် အရှင် ဦးဥတ္တမနေ့ အထိမ်းအမှတ် သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၇/၀၈

အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ရေးနှင့် သူ့ကျွန်ဘ၀မှလွတ်မြောက်ရေးအတွက် အာရှတခွင် ရဲရဲတောက် မကြောက်တရား ဟောခဲ့သော ကျေးဇူးတော်အရှင် ဆရာတော်ဦးဥတ္တမ ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၉)နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ဗမာပြည် လွတ်လပ်ရေးအတွက်သာမက အာရှတခွင် လွတ်လပ်ရေးအတွက်ရှေ့ရှုလျှက် ရဲ၀့ံပြောင်မြောက်စွာ ဦးဆောင်လမ်းပြခဲ့သော ဆရာတော် အရှင်မြတ်အား အောက်မေ့လွမ်းဆွတ်စွာဖြင့် ကျွန်ုပ်တို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ) မှ ဦးထိပ်ပန်လျှက် ဂါရ၀ပြုလိုက်ပါသည်။

ကျေးဇူးတော်အရှင် ဆရာတော် ဦးဥတ္တမသည် အာရှ၌ သူ့ကျွန်ဘ၀ကျရောက်လျှက်ရှိသော တိုင်းနိုင်ငံများကို လှည့်လည်၍ သူ့ကျွန်ဘ၀မှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံလျှက် ရဲရဲတောက် မကြောက်တရားဟောခဲ့သော ဗမာပြည်၏ ဂန္ဓိကြီး မဟာထေရ် တစ်ပါးဖြစ်သည်။ ဗမာပြည်ရှိ လွတ်လပ်ရေး ဖခင်ကြီးများသာမက အင်္ဂလိပ်၊ ပြင်သစ်တို့ ကျွန်ဘ၀မှ လွတ်မြောက်သွားကြသော အာရှ နိုင်ငံများမှ အထူးလေးစားလျှက် ဂုဏ်ပြုသောအနေဖြင့် ဆရာတော်၏ ကျေးဇူးတရား နှင့် အနစ်နာခံမှုများကို အသိအမှတ်ပြု၍ ဆရာတော်၏ ရုပ်ပွားတော်များနှင့် သမိုင်းစာမျက်နှာများကို မမေ့ဘဲ သတိတရဖော်ထုတ်၊ ထိမ်းသိမ်းလျှက် ရှိနေကြပေသေးသည်။ သို့သော် ဗမာပြည်၌မူ ဆရာတော်၏ ဂုဏ်မှာ "မဆလ၊ န၀တ၊ နအဖ" အာဏာရှင်တို့၏ သမိုင်း စာမျက်နှာထက်တွင် ပျောက်ကွယ်လု ဖြစ်နေပေပြီ။ ထို့ကြောင့်လည်း ယနေ့မျိုးဆက်သစ်များအနေဖြင့် ကျေးဇူးတော်အရှင် ဆရာတော် ဦးဥတ္တမ၏ သမိုင်း၊ ကျေးဇူးတရားနှင့် မှတ်သားဖွယ်ရာ သဘောတရားများကို မေ့ပျောက်နေကြသည်မှာ ၀မ်းနည်းဖွယ်ရာပင် ဖြစ်ပေသည်။

လက်ရှိ "နအဖ" အာဏာရှင်တို့ အတင်းအဓမ္မ အတည်ပြုလိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ၎င်းတို့၏ လုပ်ရပ်များကို တရားမ၀င်အဆင့်မှ တရား၀င်ဖြစ်အောင်၊ စစ်အုပ်ချုပ်ရေးနှင့် မဟာလူမျိုးကြီး၀ါဒကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဗဟိုချုပ်ကိုင်မှု အလွန်တင်းကြပ်သော တစ်ပြည်ထောင်နိုင်ငံတော်စနစ်ပုံစံပင် ဖြစ်သည်။ သို့ဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ (၂၀၁၀) တွင် အစိုးရသစ်တစ်ရပ် ပေါ်ထွက်လာမည်ဆိုလျှင် တိုင်းပြည်အတွင်း တရားမ၀င် ဖိနှိပ်လာမှုမှာ ပို၍ပြင်းထန်လာမည်ဖြစ်သောကြောင့် ဆရာတော် ဩ၀ါဒပေး လမ်းညွှန်ကျင့်သုံးခဲ့သော **"မတရားသော အမိန့်အာဏာဟူသမျှကို ဖီဆန်ခြင်း"** ဆိုသည့် နှလုံးကိုမူလျှက် ဒီမိုကရေစီရေးနှင့် အဖိနှိပ်ခံဘ၀မှ လွတ်မြောက်ရေးအတွက် "နအဖ"တို့ ချမှတ်ထားသော လမ်းပြမြေပုံ (၇)ချက်ကို စက္ကူစုတ်လုပ်၍ ၎င်းတို့ ဖော်ဆောင်မည့်စနစ်နှင့် ပုံသဏ္ဍာန်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ပွဲ၀င်ကြရန် ကျွန်ုပ်တို့ (ရ၊ က၊ လ၊ စ)မှ တိုက်တွန်း နှိုးဆော်၍ အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေငြာလိုက်ပါသည်။

၁) ကျေးဇူးတော်အရှင် ဆရာတော် ဦးဥတ္တမနေ့အား ဗမာပြည်၏ တရား၀င် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်။
၂) ဆရာတော် အရှင်ဦးဥတ္တမ၏ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကို ဗမာပြည်သမိုင်းတွင် ပြန်လည်ဖော်ထုတ် မှတ်တမ်းတင်ပေးရန်။
၃) ဗမာပြည်ရှိ သံဃာတော်များ၏ နိုင်ငံရေးလှုပ်ရှားမှုများနှင့် တောင်းဆိုမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။

**" မတရားသောအမိန့်ဟူသမျှကို ဖီဆန်ကြ " " ရဲလျှင်ကြုံ၊ ကြောက်လျှင်ပြန် "**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်၊ ထိုင်း – မြန်မာနယ်စပ်။

**ဆက်သွယ်ရန် –** ရဲဘော်ထွန်းဇော် (တွဲဖက်အတွင်းရေးမှူး–၁)
ထိုင်းဒေသ (၀၈– ၁၆၈၀– ၈၉၃၄)

ရဲဘော်ကျော်မြင့် (တွဲဖက်အတွင်းရေးမှူး–၂)
ဘင်္ဂလားဒေ့ရှ်ဒေသ (၈၈–၀၁၈၀–၇၀၇၈–၁၃၃၊ ၀၁–၇၄၅၀–၉၄၆၄၆)